

# မြန်မာနိုင်ငံဆိုင်ရာ အထိမ်းအမှတ်နေ့ ဂုဏ်ပြုစာစီစာကုံးများ

ဖြိုးသာရ

mgyoe.com

ဒုတိယအကြိမ် ဖြည့်စွက် တည်းဖြတ်ထုတ်ဝေခြင်း



mgyoe.com

မြန်မာနိုင်ငံဆိုင်ရာ
အထိမ်းအမှတ်နေ့
ဂုဏ်ပြုစာစီစာကုံးများ

ISBN 9789997112002
PTY3
9 789997 112002
1,000.00KS

mgyoe.com

[illegible]

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၁၀၁၆၃၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၇၅၀၂၀၇ တို့ဖြင့်

မျက်နှာဖုံးကို m.s.o ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဇွန်လတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

[illegible]

mgyoe.com

mgyoe.com

# မာတိကာ


၁။ မြန်မာအမျိုးသမီးများနေ့ ၁
[မြန်မာအမျိုးသမီးများ၏ စွမ်းရည်]

၂။ လွတ်လပ်ရေးနေ့ ၁၁
[လွတ်လပ်မှ ထွတ်မြတ်မည်]

၃။ ပြည်ထောင်စုနေ့ ၂၃
(သွေးစည်းညီညာ ပြည်မြန်မာ)

၄။ တပ်မတော်နေ့ ၃၃
[အစဉ်အလာကောင်းသည့် တပ်မတော်]

၅။ တောင်သူလယ်သမားနေ့ ၄၇
[ကျေးလက်ဒေသဖွံ့ဖြိုးရေးဆီသို့]

၆။ ပညာရေးစုံညီပွဲတော် ၅၇
[ပညာခေတ်မှာ ပညာရှာ]

၇။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ၇၁
ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်နေ့
[မျိုးဆက်သစ်လူငယ်]

၈။ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ၈၇
[ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်]

၉။ အမျိုးသားနေ့ ၁၀၁
[တို့သွေး တို့သား တို့အင်အား]

၁၀။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၁၁၁
နှစ်ပတ်လည်နေ့
[ချမ်းမြေ့သာယာ မိသားစုကမ္ဘာ]

၁၁။ စာရေးသူ၏အမှာ ၁၂၄


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မြန်မာအမျိုးသမီးများနေ့

[မြန်မာအမျိုးသမီးများ၏ စွမ်းရည်]
ဇူလိုင်လ (၃) ရက်

ပါဝင်ရမည့်အချက်များ
နိဒါန်း
– မြန်မာအမျိုးသမီးများ၏ စွမ်းရည်ကို ထုတ်ဖော်ခြင်း

စာကိုယ်
– မြန်မာအမျိုးသမီးများ၏ မိခင်စိတ်များ
– မြန်မာအမျိုးသမီးများနေ့ ဖြစ်တည်လာပုံ
– ရာဇဝင်ထဲမှ မြန်မာအမျိုးသမီးများ
– သမိုင်းဝင် မြန်မာအမျိုးသမီးများ
– မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများ
– မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ
– လုပ်ငန်းဆောင်ရွက်ချက်များ (Up. to. date)

နိဂုံး
– မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆို
– မြန်မာအမျိုးသမီးဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်တိုက်တွန်း။

mgyoe.com

mgyoe.com

◆ ကမ္ဘာမြေပုံပေါ်တွင် ဥဒေါင်းပျိုသဏ္ဌာန် ကိုယ်ဟန်ကြော့ကြော့နှင့် ခပ်မော့မော့ ရပ်တည်နေနိုင်စွမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နိုင်ငံသမီးကောင်းရတနာများ တစ်နေ့တခြား စွမ်းအားထက်မြက်စွာ နိုင်ငံတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်လျက် ရှိပါသည်။ မြန်မာအမျိုးသမီးများသည် မြင့်မြတ်သော မျိုးနွယ်မှ ပေါက်ဖွားလာကြသူများဖြစ်၏။ 'မြန်' ဆိုသည့်အတိုင်း လျင်မြန်ဖျတ်လက်တက်ကြွပြီး 'မာ' ဆိုသည့်အတိုင်း ခိုင်မာတည်ကြည် ပြတ်သားသော စိတ်ဓာတ်ဖြင့် 'မြန်မာ' မျိုးဆက်သစ် လူငယ်လူရွယ်များစွာကို မွေးဖွားသန့်စင်ပြုစုပျိုးထောင်ပေးနေကြသော မေတ္တာရှင်ဥယျာဉ်မှူးများပင်ဖြစ်သည်။

"မပြည့်အိုးဖြည့်
ပြည့်အိုးလျှံစေ
သူ့စေတနာ
ဘယ်မှာမခန်း
နွေမှာစီးသော စမ်းရေတည်း"

ဟု ဖွဲ့ဆိုဂုဏ်ပြုရမည်ဖြစ်သော မြန်မာအမျိုးသမီးတို့၏ စေတနာလောင်းရိပ်အောက်တွင် ရှင်သန်ကြီးပြင်း လူလားမြောက်ခဲ့ကြသော သားကောင်းရတနာ၊ သမီးချစ်အလိမ္မာတို့ကား အမိနိုင်ငံအား ကိုယ်စားပြုသော စွမ်းအားရှင်များအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်နိုင်ခဲ့ကြပြီဖြစ်သည်။

'ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုးနိုင်၏' ဟူသော မိခင်ဂုဏ်ရည်နှင့်အတူ 'သားကောင်းသည် မိခင်မှ' ဟူသော အစဉ်အလာတစ်ရပ်ကို

mgyoe.com

mgyoe.com


မြန်မာအမျိုးသမီးတို့ အစွမ်းကုန် ထိန်းသိမ်းခဲ့ကြသည်။ မျိုးဆက်သစ်များစွာကို မွေးထုတ်ပေးလျက်ရှိသော မြန်မာအမျိုးသမီးမိခင်များသည် မျိုးဆက်ပြန့်ပွားရေး တာဝန်တစ်ခုတည်းသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု စသော နိုင်ငံတော်၏ လိုအပ်ချက်များကိုပါ တစ်ဖက်တစ်လမ်းမှ စွမ်းအားဖြည့် တာဝန်ထမ်းဆောင်လျက်ရှိ ကြပေသည်။

မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာအရ မြန်မာအမျိုးသမီးတို့သည် ဣန္ဒြေသိက္ခာရှိပြီး တည်ကြည်ဖြောင့်မတ်ကြသည်။ ဇီဇအားဖြင့် သံယောဇဉ်ကြီးမားတတ်ပြီး မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်သော ဓလေ့ရှိ၏။ ယဉ်ကျေးသိမ်မွေ့ ရိုးသားဖြူစင်ပြီး အကြင်နာသဒ္ဒါတရားတို့ ထက်သန်သော သဘာဝရှိ၏။ ရှိသေကိုင်းရှိုင်း ကျိုးနွံတတ်ပြီး အမှန်ကိုမြတ်နိုး၍ ဘဝကိုတန်ဖိုးထားတတ်သူများဖြစ်၏။ ယဉ်ကျေးမှုမြင့်မားသော အမျိုးအနွယ်မှ ဆင်းသက်လာခဲ့သူများပီပီ မျိုးရိုးဂုဏ်ကျက်သရေကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြပြီး နိုင်ငံနှင့်လူမျိုးအတွက် ဘက်ပေါင်းစုံမှ ပါဝင်လှုပ်ရှားနိုင်စွမ်း ရှိကြသူများဖြစ်သည်။

'မိခင်' ဟူသော စကားနှစ်လုံးသည် ကမ္ဘာကြီးကို အကျယ်ပြန့်ဆုံး စိုးမိုးချုပ်ကိုင်နိုင်စွမ်းရှိ၏။ နီစွေးသော နှလုံးသွေးကို ချိုမြဖြူစင်သော နို့ရည်ကြည်များအဖြစ် ပြောင်းလဲပစ်ရာတွင် မည်သည့်သိပ္ပံပညာရှင်ကမျှ ဖန်တီးနိုင်စွမ်းမရှိသော အတတ်ပညာကို တစ်ဦးတည်းသော တတ်ကျွမ်းခဲ့သူဖြစ်သော မိခင်။ ပုခက်တွင်းမှ နောက်ဆုံးသေနေ့မရောက်မီစပ်ကြား အရေးကြုံလာတိုင်း တရှိုက်မက်မက် တတမ်းတတ မြည်တွေးနေရသော နာမပိုင်ရှင် မိခင်။ ဘဝတစ်ခုအနေဖြင့် သာမန်နေထိုင် သေဆုံးခဲ့သော်လည်း တန်ခိုးရှင်တစ်ဦး အဖြစ်မူကား စကြဝဠာတိုက်တစ်သောင်း ထိအောင်ပင် ကမ္ပည်းနာမရေးထိုးသွားသော မိခင်။ ဘုရင်မကြီးမှသည် သူဆင်းရဲမကြီးအထိ မာတာကျေးဇူးရှင်ဟူသော ဂုဏ်သိက္ခာပလ္လင်ထက်တွင် တင့်တယ်စွာ စံမြန်းနိုင်ခဲ့သော မိခင်။ မိခင်သည်ကား မရိုးနိုင်သော ဂုဏ်ကျက်သရေဖြင့် အမြင့်မြတ်ဆုံး လူသားတစ်ဦးပင်ဖြစ်သည်။

မြင့်မြတ်သော မြန်မာအမျိုးအနွယ်မှ အမြင့်မြတ်ဆုံး စွမ်းအားရှင်ကား

mgyoe.com

mgyoe.com

မြန်မာအမျိုးသမီးများပင် မဟုတ်ပါလော။ ပင်ကိုသဘာဝ စွမ်းရည်ပြည့်ဝကြသော မြန်မာအမျိုးသမီးများအား မွန်မြတ်သန့်စင်သော မိခင်စိတ်ဓာတ်တပ်ဆင်လိုက်သောအခါ ကြံ့ခိုင်ဖွံ့ဖြိုးသော သားကောင်း သမီးကောင်းရတနာများ မွေးထုတ်ပေးရာ ခံ့ညားထည်ဝါသော လူသားလုပ်စက်များ ဖြစ်ပေါ်လာရတော့သည်။ မြန်မာအမျိုးသမီးများ ထုတ်လုပ်ပေးလိုက်သော မျိုးဆက်သစ်များကား အံ့မခန်းစွမ်းအားရှင်များ ဖြစ်လာပေတော့သည်။

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် လူဦးရေသန်းငါးဆယ်ခန့်ရှိပြီး ထက်ဝက်ကိုးနီးသည် နိုင်ငံတော်၏ အမျိုးကောင်းသမီးများ ဖြစ်ကြ၏။ နိုင်ငံတော်အစိုးရသည် ကြီးမားသော စွမ်းအားစုကြီးတစ်ရပ်ဖြစ်သည့် မြန်မာအမျိုးသမီးများ၏ ဘဝကို ဖွံ့ဖြိုးတိုးတက် ကောင်းမွန်ခိုင်မာ၊ လုံခြုံမှုပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့် ဟန်ချက်ညီညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက် ရှိနေပါတည်။ မြန်မာအမျိုးသမီးများကို အရေးထား အလေးအနက်ပြုကာ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် 'မြန်မာအမျိုးသမီးများနေ့' ကို စတင်သတ်မှတ် မွေးဖွားပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးထု၏ စွမ်းရည်ကို အသိအမှတ်ပြုလျက် အမျိုးသမီးများနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို စနစ်တကျဆောင်ရွက်နိုင်ရန် 'မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ' ကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အစည်းအဝေးများ ကျင်းပပေးခဲ့ရာမှ ၁၉၉၈ ခုနှစ် အစည်းအဝေးတွင် ကော်မတီ စတင်ဖွဲ့စည်းခဲ့သော ဇူလိုင်လ (၃) ရက်နေ့ကို 'မြန်မာအမျိုးသမီးများနေ့' အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်၏။ ဤနေ့ကား မြန်မာအမျိုးသမီးတို့၏ ဘဝတွင် ပထမဆုံး ပိုင်ဆိုင်ခဲ့ရသော မူပိုင် 'နေ့ထူးနေ့မြတ်' ပင် ဖြစ်တော့၏။

ရာဇဝင်သမိုင်းကို ပြန်လှန်ကြည့်လျှင် မြန်မာအမျိုးသမီးတို့သည် ရှေးပဝေသဏီကပင် အမျိုးသားများနှင့်တန်းတူ အုပ်ချုပ်ရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ဘာသာရေးတို့၌ စွမ်းစွမ်းတမံ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပျူခေတ်မှ ဗိသနိုးဘုရင်မ၏ စွမ်းရည်ကား အံ့မခန်း

mgyoe.com

mgyoe.com


ပါတည်း။ နိုင်ငံအုပ်ချုပ်ရေး၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးတွင် ထင်ရှားခဲ့သော စွမ်းအားရှင်ဘုရင်မကြီးကား ဟံသာဝတီပြည်ကို စိုးစံသော ရှင်စောပုပင်ဖြစ်ခဲ့၏။ တရားစီရင်ရေးဘက်၌ တိကျထက်မြက်သော စွမ်းအားရှင် စံပြ မြန်မာအမျိုးသမီးမှာ သုဓမ္မစာရီ ဖြစ်ခဲ့၏။ စာပေပညာတွင်လည်း မြန်မာအမျိုးသမီးများ၏ စွမ်းရည်ကား ချန်လှပ်ထား၍မရနိုင်ပေ။ မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ ရဝေရှင်ထွေး၊ ရာဇဓာတုကလျာ၊ မယ်ခွေ၊ ရှင်မင်း၊ ခင်ဆုံ၊ ရှင်ငြိမ်းမယ် စသည့်များစွာသော မြန်မာအမျိုးသမီး စာဆိုရှင်တို့ကား သမိုင်းတွင်သည့် အနုပညာရှင်များပင်ဖြစ်သည်။

ပုဂံခေတ်တွင် 'ရာဇကုမာရ်ကျောက်စာ' သည် မြန်မာစာပေ၏ အစကို ဖော်ကျူးခဲ့သော သက်သေတစ်ခု ဖြစ်၏။ ရာဇကုမာရ်ကား မိခင်၏မေတ္တာဖြင့် ရာဇဝင်တွင်ခဲ့သူဖြစ်၏။ စံပြမိခင် 'သမ္ဘူလ' သည် သားတော် ရာဇကုမာရ်အား မေတ္တာ၊ ကရုဏာ၊ စေတနာတို့ဖြင့် သားကောင်းလိမ္မာရတနာတစ်ပါး ဖြစ်လာစေရန် သွန်သင်ဆုံးမခဲ့၏။ ထီးနန်းစည်းစိမ်နှင့် လွဲခဲ့ရသော သားတော်အား ဖခင်အပေါ် ဒေါသမပွား အမျက်မထားရလေအောင် တရားချကာ ဆုံးမခဲ့သည်။ သမ္ဘူလဒေဝီ မြန်မာအမျိုးသမီး မိခင်ကောင်းတစ်ယောက်၏ ကျေးဇူးကြောင့် မြန်မာစာပေ အစကောင်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပုဂံခေတ်တွင် ထင်ရှားသော သိင်္ဃသူ့သမီးကျောက်စာ၊ မိဖုရားဖွားစော ကျောက်စာတို့မှာ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသရုပ်ကို ပုံဖော်ပြသနိုင်ခဲ့သည်။ ပုဂံခေတ်မှ ရွှေအိမ်စည်မင်းသမီးကလေး၏ နှလုံးသားကလည်း မှတ်တမ်းတင်ဖွယ်ရာဖြစ်သည်။ အချစ်ရေးကို ရှေ့တန်းမတင် သတိယှဉ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သူပေတည်း။ စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးကို ထိန်းသိမ်းအုပ်ချုပ်သွားနိုင်ခဲ့သည့် ကျန်စစ်သားမင်း၏ကြင်ယာတော် မိဖုရားခေါင် 'အပယ်ရတနာ' သည်လည်း မိခင်ကောင်းတစ်ဦးအဖြစ် ထင်ရှားခဲ့၏။

ထို့ကြောင့် ခေတ်အဆက်ဆက်မှ မြန်မာအမျိုးသမီးတို့သည် ယဉ်ကျေးမှု အဆင့်အတန်းကို မြင့်မားသည်ထက် မြင့်မားအောင် စွမ်းဆောင်နိုင်ခဲ့ကြသူများဟု ဆိုနိုင်ပါ၏။ ဟိရိဩတ္တပ္ပတရားကို လက်ကိုင်ထား၍

mgyoe.com

mgyoe.com


ဂါရဝေါစ၊ နိဝါတောစ မင်္ဂလာတရားတို့နှင့် ပြည့်ဝကြပြီး ဗုဒ္ဓ၏ဆိုဆုံးမမှု အောက်တွင် အကျင့်သီလ ဆောက်တည်နေနိုင်ခဲ့ကြသူများလည်းဖြစ်၏။ သမိုင်းအဆက်ဆက် မြန်မာအမျိုးသမီးတို့၏ စွမ်းဆောင်ချက်များက ထက်မြက်လှပါဘိ။

မြန်မာအမျိုးသမီးများကား 'ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်း' ဖြစ်သည်။ နူးညံ့သိမ်မွေ့ ယဉ်ကျေးသလို သတ္တိ၊ ဇွဲ၊ လုံ့လ ရှိကြသည်။ ရဲရင့်ထက်မြက်ကြသည်။ မြန်မာ့သမိုင်းတွင် အဆိုးဝါးဆုံးကာလဖြစ်သော ဘူ့ကျွန်ဘဝ၌လည်း မြန်မာအမျိုးသမီးတို့၏ကဏ္ဍမှာ မနိမ့်ကျခဲ့ပေ။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် အသက်စွန့်ခဲ့ကြသော မိန်းမအာဇာနည်တို့ကား ဒုနှင့်ဒေးဖြစ်၏။ ယွန်းခင်ခင်ကား ဗိုလ်မင်းခေါင်၏ တော်လှန်ရေးတပ်မှ သူရဲကောင်းအမျိုးသမီးဖြစ်ခဲ့ရ၏။ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့သော ရှမ်းတိုင်းရင်းသူသုံးဦး (ဝက်ထီးကန်တိုက်ပွဲ)၊ ချင်းတိုင်းရင်းသူ ရှစ်ဦး (စီယင်ချင်းတိုင်းရင်းသားများနှင့် မေဂျာရုက်ပတ်တိုက်ပွဲ)၊ ပုဂံဗိုလ်ချို ဇနီးနှင့် မြင်းစီးသူရဲကောင်း အမျိုးသမီးများ စသည့် မျိုးချစ်မြန်မာအမျိုးသမီးတို့၏ သတ္တိပြောင်မြောက်ပုံတို့မှာ သမိုင်းကြောင်းတွင် သက်သေထင်ရှားစွာ ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ၁၉၁၉ မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်အထိ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် အဖွဲ့အစည်းများဖြစ်သော ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖဆပလတို့တွင်လည်းကောင်း၊ ကုမ္မာရီအသင်း၊ အာရှလူငယ်အစည်းအရုံး၊ 'ဘူး'အသင်း၊ လွတ်လပ်ရေး အမျိုးသမီး အစည်းအရုံး စသည်တို့ကိုဖွဲ့စည်း၍လည်းကောင်း မြန်မာအမျိုးသမီးတို့ စွမ်းရည်ပြခဲ့ကြသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် မြန်မာအမျိုးသမီးတို့သည် နေရာအနှံ့၊ ကဏ္ဍအစုံ၌ နိုင်ငံတော်အကျိုးကို သယ်ပိုးခဲ့ကြသည်။ ၁၉၅၅ ခုနှစ်တွင် တပ်မတော် (ကြည်း)၌ အမျိုးသမီးများ စစ်မှုထမ်းခွင့်ရခဲ့သည်။ နိုင်ငံတော်တွင် သားကြီးလျှင် 'အား'၊ သမီးကြီးလျှင် 'ထိး' ပမာဖြစ်ခဲ့၏။ အမိနိုင်ငံတော် ၏ သမီးကောင်း ဇာနည်များဖြစ်သော ဗိုလ်ကြီးဒေါ်ကြင်စီ၊ ဗိုလ်မှူးဒေါ်ခင်ထား၊ ဗိုလ်မှူးဒေါ်ရင်တို့ကား စွမ်းအားထက်မြက်သော မြန်မာ

mgyoe.com

mgyoe.com

အမျိုးသမီးများ၏ သတ္တိကို ပြသနိုင်ခဲ့ကြ၏။ ယနေ့ထက်တိုင် မြန်မာ့ တပ်မတော်တွင် တိုင်းပြည်ကာကွယ်ရေးတာဝန်ကို အမျိုးသားများနှင့် ရင်ပေါင်တန်း ထမ်းဆောင်လျက်ရှိသော မြန်မာအမျိုးသမီး စစ်သည်များ ရှိနေပါ၏။ ဝေဟင်မှ မြန်မာ့လေသူရဲစစ်သမီးတို့၏ စွမ်းရည်ကား အံ့မခန်းပေတည်း။

မြန်မာတို့၏ ဇာတိဂုဏ်ကို ဖော်ဆောင်ခဲ့ကြသူများကား များပြားလှပါ၏။ စာရိတ္တပိုင်းဆိုင်ရာတွင် အင်ဒီပင်းဒင့် ဒေါ်စန်း၊ ဒေါ်ဖွားရှင်၊ အမ်အေဒေါ်အုန်း၊ ဒေါ်ရီကြိန်၊ ဒေါ်ခင်မျိုးချစ်၊ ဂျာနယ်ကျော် မမလေး စသည့် မြန်မာအမျိုးသမီးကြီးများက စာပေဖြင့် တွန်းအားပေးခဲ့ကြသည်။ ပညာရေးတိုးတက်မြင့်မားစေရန် မြန်မာစာပါမောက္ခ ဒေါ်သန်းဆွေ၊ ဒေါ်ခင်စော၊ ဒေါ်ပို၊ ဒေါ်ခင်မေနွဲ့၊ အင်္ဂလိပ်စာ ပါမောက္ခ ဒေါ်ခင်လေးမြင့်၊ ပထဝီပါမောက္ခ ဒေါ်မိမိကြည် စသည့် ပညာရှင် မြန်မာအမျိုးသမီးကြီးများက စွမ်းဆောင်ခဲ့ကြ၏။ အနုပညာယဉ်ကျေးမှုဘက်တွင်လည်း ဆိမီးခွက်မငွေမြိုင်၊ လေဘာတီ မမြရင်၊ ဒေါ်သြဘာသောင်း စသည့်သူတို့ကလည်း အားတက်သရော ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာက အသိအမှတ်ပြုသည်အထိ စမ်းသပ်တီထွင်မှုများ ပြုလုပ်နိုင်ခဲ့သော ဒေါက်တာရင်မြင့်ထွေး (ဓာတုစမ်းသပ်ချက်)နှင့် ဒေါက်တာရီရီ (ရီရီဂျင်နင်ရှာဖွေမှု) တို့မှာလည်း ဂုဏ်ပြုမှတ်တမ်းတင်ထိုက်သူ မြန်မာအမျိုးသမီးများဖြစ်၏။ စီးပွားရေးဘက်တွင်လည်း ပင်လုံဒေါ်နုယဉ်၊ ဥပဒေပညာဘက်တွင် ဒေါ်ဖွားမေ၊ ဒေါ်မေမေဝင်း၊ ဒေါ်ခင်စီ၊ လူမှုရေးကဏ္ဍဘက်တွင် လူအိုရုံအသင်း တည်ထောင်သူ ဒေါ်ဦးဇွန်း၊ အားကစားဘက်တွင် အပြည်ပြည်ဆိုင်ရာ အလေးမချန်ပီယံ မအေးအေးအောင်၊ ရေကူးချန်ပီယံ မမိုးသူအောင်၊ ဖလောရင့်နိုက်တင်ဂေးဆုရ သူနာပြုဆရာမ ဒေါ်ခင်အုန်းမြ၊ ဒေါ်အမ်ယောနမ် စသည့် မြန်မာ့ဂုဏ်ဆောင် အမျိုးသမီးများကား အတုယူဖွယ်ရာဖြစ်သည်။

ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများကား စွမ်းရည်ထက်မြက်ခဲ့ကြသည်။ ယင်းမှာ မြန်မာ့လူနေမှုစနစ်၏ ခိုင်မာသော ထိန်းချုပ်မှုကြောင့်ဖြစ်သည်။ မြန်မာအမျိုးသမီးငယ်များသည် မည်သို့ခေတ်မီသည်ဖြစ်စေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို ဖောက်ဖျက်သော အပြုအမူတစ်စုံတစ်ရာအား

mgyoe.com

mgyoe.com

မကျူးလွန်ကြပါ။ 'မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ'၊ 'မိန်းမကောင်းပန်းပန် တစ်ပွင့်တန်'၊ 'ခြေတစ်လှမ်း ကုဋေတစ်သန်း'၊ 'ဟန်တစ်ခါပြင် ရွှေစင်ဆယ် တင်း' ဟူသည့် မြန်မာစကားပုံများအတိုင်း ကျင့်သုံးနေထိုင်လျက်ရှိကြသည်။ 'စီးသည့်ရေ ဆည်သည့်ကန်သင်း' ဟူသည့် အတိုင်းလည်း မိသားစု၊ နိုင်ငံတော်၏ စည်းစိမ်ဥစ္စာများကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြသည်။ မြန်မာအမျိုးသမီး မိခင်တိုင်းသည် မိမိတို့၏ ရင်သွေးငယ်များကို လက်ဦး ဆရာပီသစွာ ပြုစုပျိုးထောင် မွမ်းမံပေးလျက် ရှိကြသည်။

ထိုသို့ မြန်မာအမျိုးသမီးတို့ စွမ်းရည်ထက်မြက်ကြခြင်းမှာ မြန်မာနိုင်ငံ သမိုင်းအဆက်ဆက်က အမျိုးသမီးများ၏ အခန်းကဏ္ဍ မနိမ့်ကျခဲ့သော ကြောင့် ဖြစ်သည်။ မြန်မာအမျိုးသမီးတို့သည် အမျိုးသားများနှင့် အခွင့်အရေး ညီမျှစွာရရှိခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ၊ ဥပဒေ၊ ဓမ္မသတ် များတွင် မြန်မာအမျိုးသမီးတို့သည် တန်းတူညီမျှ ခံစားခွင့်ရှိကြသည်။ ထို့ ကြောင့်လည်း ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးကလေးများ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပေသည်။ မြန်မာအမျိုးသမီးတို့သည် ထူးကဲမွန်မြတ် သော ကျင့်ဝတ်များဖြစ်သည့် မိခင်ဝတ္တရား၊ မယားဝတ္တရားတို့ကို ကျေပွန် စွာ ထမ်းဆောင်ရင်း သာယာချမ်းမြေ့သော မိသားစုဘဝကို တည်ဆောက်နိုင် ခဲ့ကြသည်။

ယနေ့ အချိန်တွင်ကား မြန်မာအမျိုးသမီးများသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအသင်း၊ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စသည့် အဖွဲ့အစည်းအမျိုးမျိုးတွင် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားဆောင်ရွက် လျက်ရှိနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ သည် ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အမျိုးသမီးများ အား အကြမ်းဖက်မှုမှကာကွယ်ရေးကဏ္ဍ၊ ငယ်ရွယ်သူအမျိုးသမီးများ စောင့် ရှောက်ရေးကဏ္ဍ၊ အမျိုးသမီးများဘဝ ပြန်လည်ထူထောင်ရေးကဏ္ဍ စသည် ဖြင့် ခွဲခြားထားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ

mgyoe.com

mgyoe.com


အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးဆရာဝန်များ အသင်းတို့ဖြင့်ပူးပေါင်းကာ မြန်မာအမျိုးသမီးတို့၏ အခက်အခဲပြဿနာ၊ တိုးတက်ထူးချွန်အောင်မြင်ရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ကူညီဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။

ပညာရေးကဏ္ဍတွင် အိမ်ရှင်မများအား 'ဘ၀တွက်တာ' သင်တန်းများပေးခြင်း၊ ကျန်းမာရေးအသိပညာ သင်တန်းများပေးခြင်း၊ အသုံးလုံးသင်တန်းများ ဖွင့်လှစ်ခြင်း၊ အိမ်တွင်းမှု သက်မွေးပညာ သင်တန်းများဖွင့်လှစ်ခြင်း၊ စီးပွားရေးကဏ္ဍတွင် လုပ်ငန်းသစ် မတည်ငွေများထုတ်ပေးခြင်း၊ အတိုးမဲ့ငွေချေးခြင်း၊ စိုက်ပျိုးငွေ ထုတ်ချေးခြင်း၊ အလုပ်ရှာဖွေပေးခြင်း၊ လူမှုရေးကဏ္ဍတွင် သွေးလှူဒါန်းခြင်း၊ သံဃဆေးရုံ၊ သီလရှင်စာသင်တိုက်များအတွက် ဈေးပွဲတော်များ ကျင်းပလှူဒါန်းခြင်း၊ အမျိုးသမီးများ စောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ ငွေကြေးလှူဒါန်းခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်း၊ ကျေးရွာဆေးပေးခန်းတို့တွင် ရေတွင်း၊ ရေကန်၊ ရေစုပ်စက်လှူဒါန်းခြင်း စသည်ဖြင့် ထူးခြားသော စွမ်းဆောင်မှုများကို ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မြန်မာအမျိုးသမီးတို့သည် ကမ္ဘာ့အားကစားလောကသို့ပင် ခြေစွမ်းလက်စွမ်းပြ၍ ဝင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်တွင် ဗီယက်နမ် ဆီးဂိမ်း၌ ငွေတံဆိပ်ဆုရရှိခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် အာရှခြေစစ်ပွဲ အောင်မြင်ထားပြီး ၂၀၀၄ ခုနှစ်က ပထမအကြိမ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ကြသည်။ မြန်မာနိုင်ငံမှ လက်ရွေးစင်တင်းနစ်မယ် ချစ်စုရည်သည် နိုင်ငံတကာပွဲ ၁၂ ပွဲကစားခဲ့ပြီး ရွှေတံဆိပ် ၆ ခု ဆွတ်ခူးခဲ့သူဖြစ်သည်။ ၂၀၀၆ ခုနှစ် အာရှယူ – ၁၄ အုပ်စုအဆင့် ချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးတင်းနစ်မယ်များ ဗိုလ်စွဲခဲ့ကြသည်။ ၂၀၀၅ ခုနှစ်၊ ဖိလစ်ပိုင်ဆီးဂိမ်းတွင် မြန်မာအမျိုးသမီးလက်ဝှေ့အဖွဲ့တို့ အောင်မြင်မှု ရရှိခဲ့ကြသည်။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နိုင်ငံတော်စီးပွားရေး လုပ်ငန်းများ စသည့် အမျိုးမျိုးသော

mgyoe.com

mgyoe.com


လုပ်ငန်းဆောင်တာများတွင် မြန်မာအမျိုးသမီးတို့ နောက်ချန်မနေရစ်ဘဲ အင်တိုက်အားတိုက် ပါဝင်လုပ်ဆောင်နေကြသည်ကို ထင်ရှားစွာတွေ့ရသည်။ မြန်မာအမျိုးသမီးတို့၏ စွမ်းရည်ကား 'လယ်ပြင်မှာ ဆင်သွားသကဲ့သို့' တည်း။ အနောက်တိုင်းယဉ်ကျေးမှုသည် ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများကို မဖုံးလွှမ်းနိုင်ပါ။ ယဉ်ကျေးသော မျိုးနွယ်မှ ဆင်းသက်လာသော မြန်မာအမျိုးသမီးတို့သည်ကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထား၍ မြင့်မြတ်သော နှလုံးသားဖြင့် သမိုင်းတင်ခံနိုင်သော စွမ်းအားရှင်တို့ပင်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာအမျိုးသမီးတို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် ဂုဏ်ကျက်သရေ အရပ်ရပ်ကို ဖော်ဆောင်ပေးသော 'မြန်မာအမျိုးသမီးများနေ့' အား ကမ္ဘာတည်သရွေ့၊ မြန်မာတည်သရွေ့ တည်တံ့ခိုင်မာအောင် မြန်မာအမျိုးသမီးများကိုယ်တိုင် ထူးချွန်ထက်မြက် မြင့်မားသော စွမ်းဆောင်ရည်အားဖြင့် ကြိုးစားထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အထိမ်းအမှတ် နေ့ထူးနေ့မြတ်အဖြစ်လည်း နှစ်စဉ် ဝမ်းမြောက်စွာ ကြိုဆိုလက်ခံ ဂုဏ်ပြုဆင်နွှဲကြရမည် ဖြစ်ပေတော့သည်။ ။

mgyoe.com

mgyoe.com

# လွတ်လပ်ရေးနေ့

[လွတ်လပ်မှ ထွတ်မြတ်မည်]

ဇန်နဝါရီလ (၄) ရက်

ပါဝင်ရမည့်အချက်များ

နိဒါန်း

– လွတ်လပ်ရေးကို အမွှမ်းတင် သရုပ်ဖော်ခြင်း

စာကိုယ်

– သမိုင်းခေတ် နိုင်ငံတော်များ ပေါ်ပေါက်ခဲ့ပုံ
– ကျူးကျော်စစ်များနှင့် ရလဒ်ဆိုး
– တိုင်းရင်းသားတို့၏ တော်လှန်မှုများ
– ရဟန်းတော်များ၏ မျိုးချစ်စိတ်
– လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း
– လွတ်လပ်ပြီး မြန်မာနိုင်ငံ
– မျက်မှောက်ခေတ် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများ
– ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းကောက်နုတ်ချက်

နိဂုံး

– လွတ်လပ်ရေးနေ့ ဦးတည်ချက်များကို လိုက်နာ၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားမည် ဖြစ်ကြောင်း

mgyoe.com

mgyoe.com

◆ လောကတွင် အထွတ်မြတ်ဆုံးသောအရာကား လွတ်လပ်မှုပင် ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် မြင့်မားတိုးတက် ဖွံ့ဖြိုးရှင်သန်ခြင်းသည် လွတ်လပ်ရေးတည်းဟူသော သစ်ပင်ကြီးကို စွဲမြဲစွာ ဆုပ်ကိုင်ထားနိုင်သောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတော်ကြီးသည်လည်း လွတ်လပ်ခြင်းတည်းဟူသော စိတ်ဓာတ်အခြေခံဖြင့် ရှေးပြည်သစ်ဆီသို့ တက်လှမ်းနေသော စည်းလုံးညီညွတ်သည့် မိသားစု အသိုက်အမြုံတစ်ခုပင် ဖြစ်ပေသည်။ ထိုသို့လွတ်လပ်၍ အေးချမ်းသာယာသော မြန်မာပြည်အဖြစ်သို့မှုကား လွယ်လင့်တကူ ရောက်ရှိလာခဲ့ရသည်မဟုတ်။ မဆုတ်မနစ်သော ဇွဲ၊ အနိုင်မခံ အရှုံးမပေးသောစိတ်ဓာတ်၊ ရဲရင့်နီးစွေးသော သတ္တိသွေးများဖြင့် တည်ဆောက်ထားခဲ့ရခြင်းဖြစ်သည်။ တရိုက်မက်မက်၊ တစွဲလမ်းလမ်း၊ တခုမင်မင်ဖြင့် အင်အားပြ ရယူထားခဲ့ရသော လွတ်လပ်ရေးသရဖူကြီးကို မြန်မာတစ်မျိုးသားလုံး အထွတ်အမြတ်ထားကြမည်မှာ မြေကြီးလက်ခတ်မလွဲသော အမှန်တရားဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားဖြင့် သမိုင်းတစ်ခေတ်ပြီး တစ်ခေတ် ထုဆစ်ခဲ့ရပုံများမှာ ချီးမွမ်းဂုဏ်ယူလောက်ဖွယ်ရာဖြစ်သည်။ စိတ်ရင်းစေတနာ ဖြူစင်သော၊ ရိုးသားဖြောင့်မတ်သော၊ ပျော်ရွှင်ရယ်မောနေလေ့ရှိသော၊ ကြင်နာသနားတတ်သော၊ ရဲရင့်တက်ကြွသော၊ အမျိုးကိုထိလျှင် မချိအောင်နာတတ်သော မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော မြန်မာတို့သည် 'တကောင်းအဘိရာဇာ၊ တို့မြန်မာသာကီမျိုးနွယ်မို့ မညှိုးဂုဏ်တေဇာ'ဟု ဝင့်ကြွားနိုင်ခဲ့သည်။ တကောင်းမှစခဲ့သော မြန်မာတို့

mgyoe.com

mgyoe.com


သည် ဘုန်းမီးနေလတောက်ပြောင်သော အနော်ရထာမင်းတရားကြီး၏ လက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ဆောက် ပိုင်ဆိုင်နိုင်ခဲ့ကြသည်။ မြန်မာ့ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ သာသနာတို့၏ အစဖြစ်ပေသည်။ ပုဂံခေတ်ဖြစ်၏။

ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် အင်အားပြည့်ဝလာခဲ့သည်။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲကား မြန်မာတို့၏အသည်းနှလုံးတွင် ထာဝစဉ်စွဲမြဲနေမည့်ဖွဲ၊ သတ္တိ အမှတ်အသားဖြစ်သည်။ စည်းလုံးညီညွတ်မှု၊ စစ်စွမ်းရည် ပရိယာယ်ကြွယ်ဝမှုတို့ဖြင့် ထင်ရှားစည်ပင်ခဲ့သော နိုင်ငံပေတည်း။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး လက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတစ်လွှား ဂုဏ်ရှိန်ကျော်ကြားလာခဲ့၏။ မြန်မာနိုင်ငံ၏ ဥစ္စာဓန၊ သယံဇာတတို့ကား နယ်ချဲ့တို့ မျက်စိကျစရာ ဆွဲဆောင်မှုများအဖြစ် ထင်ပေါ်လာခဲ့ရာမှ အနိဋ္ဌာရုံ စခဲ့ရလေသည်။

မြန်မာနိုင်ငံကို နယ်ချဲ့တို့က ကျူးကျော်စစ်အမျိုးမျိုးဖြင့် ရန်စလာကြသည်။ ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယကျူးကျော်စစ်မှသည် ၁၈၈၅ ခုနှစ် တတိယကျူးကျော်စစ်အပြီး ဝါးအစည်း ပြေကာ တစ်ပါးသူနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရတော့၏။

မြန်မာနိုင်ငံကား မြေသယံဇာတ၊ ရေသယံဇာတတို့ ပေါကြွယ်ဝသည့် ရွှေနိုင်ငံဖြစ်ပေရာ တွင်းထွက်ပစ္စည်းအမျိုးမျိုးတို့က နယ်ချဲ့တို့ မျက်စိကျဖွယ်ရာ ဖြစ်ခဲ့သည်။ ကျောက်စိမ်း၊ ပုလဲ၊ နီလာ၊ ပတ္တမြား အလျှံပယ်ထွက်ရှိပြီး ဒေါနတောင်တန်းတစ်လျှောက် မြန်မာ့ကျွန်းသစ်ကလည်း နေရာမလပ် ပေါက်ရောက်လျက်ရှိရာ နယ်ချဲ့တို့အနေဖြင့် လက်မလွှတ်နိုင်ဖြစ်ခဲ့သည်မှာ မဆန်းလှ။ သို့သော် မြန်မာတိုင်းရင်းသားတို့မှာ ဒူးထောက်လက်မြှောက် အရှုံးပေးတတ်သူများ မဟုတ်ရကား နေရာအနှံ့ ရရာလက်နက်စွဲကိုင်၍ တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲလျက် လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့သည် ရေ၊ မြေ၊ သယံဇာတ ပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးခဲ့သော်လည်း

mgyoe.com

mgyoe.com

စိတ်ဓာတ်ကို အရှုံးမခံ။ အင်္ဂလိပ်တို့မှာလည်း မြန်မာ့ရေမြေကိုသာ သိမ်းပိုက်နိုင်ပြီး မြန်မာတို့၏ သခင်စိတ်ကိုတော့ မသိမ်းပိုက်နိုင်ခဲ့ပါ။

ရတနာပုံနေပြည်တော် ကျဆုံးပြီးချိန်မှစ၍ နေရာအနှံ့ တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြရာ ကချင်တောင်တန်းဒေသတွင် ဆမားဒူးဝါး၊ ဖုန်ကန်ဒူးဝါး၊ ကယားတောင်တန်းဒေသတွင် စောလဖော်၊ 'ဝ'ဒေသတွင် စောမဟာနှင့် နော်ခမ်းဦး၊ ကချင်ပြည်နယ်တွင် ရွှေရိုးဖြူမင်းသား၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ လင်းပင်မင်းသားနှင့် မြင်စိုင်းမင်းသား၊ ပုဂံနယ်တွင် ဗိုလ်ချို၊ ဝဲလောင်နယ်တွင် ဗိုလ်ရာညွန့်၊ ပုပ္ပားနယ်တွင် ဗိုလ်နက်မကျော်၊ ဧရာဝတီတိုင်းတွင် ဗိုလ်မြတ်ထွန်း စသည့် တော်လှန်ရေးသမားတို့သည် နယ်ချဲ့တို့ကို 'အရိုးကြေကြေ အရေခန်းခန်း' တိုက်ပွဲဝင်ခဲ့ကြသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် လူပုဂ္ဂိုလ်များသာမက ရဟန်းသံဃာတော်များကလည်း မှတ်တမ်းတင်ရလောက်အောင် ဇာတိမာန်ဝင့်ခဲ့ကြသည်။ ဆရာတော် ဦးဥတ္တမ၏ 'ကရက်ဒေါက်ထွက်သွား' ဟူသော မိန့်ဆိုချက်မှာ ရဲရဲတောက်တောက်သတ္တိကို ပြခဲ့သည်။ ဆရာတော် ဦးဝိစာရသည်လည်း ရက်ပေါင်း (၁၆၆) ရက်မျှကြာအောင် အစာငတ်ခံ ဆန္ဒပြရင်း ပျံလွန်တော်မူခဲ့သည်။ ဆရာတော်အမွေပေးခဲ့သော 'လိမ္မာရစ်ကြပါ' ဟူသည့် မိန့်မှာချက်ကလည်း မြန်မာတို့ နှလုံးသည်းပွတ်မှာ ရင်နင့်ကြေကွဲစွာ ဇာတိမာန်တက်ကြွစေခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ ပညာရေးစနစ်ကို တော်လှန်သော ပထမကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့၏။ ၁၉၃၀ ပြည့်နှင့် ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံတို့သည် ၁၃၀၀ ပြည့်တွင် သခင်ဖိုးလှကြီး ခေါင်းဆောင်သော ရေနံမြေသပိတ်-အလုပ်သမား အရေးတော်ပုံနှင့် နယ်ချဲ့တို့ကို ချောက်ချားစေသော အမျိုးသားရေးလှုပ်ရှားမှုများ ဖြစ်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင်တို့၏ လက်သုံးစကားသည် မှတ်သားလောက်ဖွယ် ဖြစ်ခဲ့၏။ 'လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ' ဟူ၍ ဖြစ်သည်။

ထို့နောက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ စသော ဝံသာနုအသင်းများ

mgyoe.com

mgyoe.com


ပေါ်ပေါက်လာခဲ့သည်။ သခင်ဘသောင်း ဦးဆောင်သော တို့ဗမာအစည်းအရုံး၊ မြန်မာအမျိုးသမီး အာဇာနည်တို့၏ ကုမ္မာရီအသင်း စသည်တို့ ပေါ်ပေါက်လာသည်။ တို့ဗမာ အစည်းအရုံး၏ ကြွေးကြော်သံမှာ–

"ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ"

ဟူ၍ ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးသည် 'လွတ်လပ်ရေး' အာဟာရကို တမ်းတစွာ တိုက်ပွဲဝင် တောင်းဆိုခဲ့ကြ၏။

လွတ်လပ်ရေးဗိမာန်ကြီး တည်ဆောက်ရာတွင် နှလုံးရည်အား သက်သက်ဖြင့် မရဘဲ လက်ရုံးအင်အားဖြင့်ပါ တည်ဆောက်ရမည်ကို သတိမူမိကြသော သခင်အောင်ဆန်းဦးဆောင်သည့် ဒေါင်ဒေါင်မြည် နိုင်ငံရေးသမားလူငယ်သုံးကျိပ်တို့သည် ဂျပန်ပြည် ဟိုင်နန်ကျွန်းသို့ စစ်ပညာများ သွားရောက်သင်ယူပြီး ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဘီအိုင်အေသည် တပ်မတော်၏ အစဖြစ်သည်။ ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့၏ စစ်ရေးအကူအညီကို ရယူကာ နယ်ချဲ့ကို ထိုးစစ်ဆင် တိုက်ထုတ်နိုင်ခဲ့ကြ၏။ သို့သော် တရားဝင်လွတ်လပ်ရေးကိုမရ၊ ရွှေရည်စိမ်လွတ်လပ်ရေးကိုသာ ရခဲ့ရ၏။

'နောက်လာတဲ့ မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ' ဆိုသကဲ့သို့ ဖက်ဆစ်ဘီလူးတို့၏ ယုတ်မာရက်စက်မှုများကို မြန်မာတို့ ရင်ဆိုင်ကြရပြန်၏။ ထိုအခါ ဖဆပလအဖွဲ့ကြီး ပေါ်ပေါက်လာပြီး ဖက်ဆစ်ဂျပန်ကို တွန်းလှန်မောင်းထုတ် ခဲ့ကြရတော့သည်။ ဖက်ဆစ်တို့ပြေးပြန်သော် အင်္ဂလိပ်နယ်ချဲ့တို့က တစ်ပတ်ပြန်ကျော့ဝင်လာကြပြန်သည်။ မြန်မာနိုင်ငံသားတို့ကား နားနေချိန်ပင်မရ ဆက်လက်တိုက်ပွဲဝင်ကြရပြန်၏။

မြန်မာတို့သည် ကိုယ့်အားကိုယ်ကိုးမှသာ သခင်ဖြစ်တော့မည့်ထုံး

mgyoe.com

mgyoe.com


ကို နှလုံးပိုက်ကြရတော့၏။ နယ်ချဲ့တို့၏ စက္ကူဖြူစာတမ်းကို နေသူရိန် ညီလာခံကြီး ကျင်းပကာ ကန့်ကွက်ခဲ့ကြသည်။ နယ်ချဲ့တို့သည် တောင်တန်းနှင့် ပြည်မဒေသကို သွေးခွဲသပ်လျှိုကြ၏။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်များက ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူလိုကြောင်း ရှမ်းပြည်နယ်၊ ပင်လုံမြို့ ကလေးတွင် စည်းလုံးညီညွတ်စွာ စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်သည် မြန်မာ့လွတ်လပ်ရေး၏ အုတ်မြစ်ပေတည်း။

ထို့ကြောင့် မြန်မာတို့သည် လွတ်လပ်ရေး အောင်ပန်းကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ နံနက် (၄) နာရီ မိနစ် (၂၀) အချိန်တွင် ဆွတ်ခူးပန်ဆင်နိုင်ခဲ့ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို တလူလူလွင့်ထူနိုင်ခဲ့ကြသည်။ မြန်မာတို့သည် သူ့ကျွန်အဖြစ်ကို ရောက်ခဲ့ဖူးပေပြီ။ နယ်ချဲ့အင်္ဂလိပ်၏ ဖိနှိပ်မှု၊ ဖက်ဆစ်ဂျပန်တို့၏ ကြမ်းကြုတ်ရက်စက်မှုဒဏ်များကို ခါးသီးစွာ ခံခဲ့ရဖူးလေပြီ။ 'ဘဝနာဖူးမှ ဘဝအကြောင်းသိသည်' ဆိုသည့် စကားအတိုင်း မလွတ်လပ်သော ဘဝသို့ရောက်ခဲ့ဖူးသဖြင့် လွတ်လပ်ရေး၏ အနှစ်သာရကို ကောင်းစွာသဘောပေါက်ကြသည်။ ဘဝဟောင်း၏ အနိဋ္ဌာရုံများကို နောက်တစ်ကြိမ်မတွေ့ကြုံရစေရန် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် လွတ်လပ်ရေး အမွေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

လွတ်လပ်ရေး ရပြီးချိန်မှစ၍ တစိုက်မတ်မတ် ပြုပြင်ပြောင်းလဲ တည်ဆောက်ခဲ့သော မြန်မာနိုင်ငံသည် ယနေ့ မျက်မှောက်ခေတ်တွင် ရှေးယခင်နှင့်မတူ တစ်မူထူးခြား ဆန်းသစ်ခဲ့ပြီဖြစ်သည်။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိတိုင် အသွင်အမျိုးမျိုးဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ရာ ယနေ့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် စွမ်းအားပြည့် တာဝန်ယူလျက်ရှိသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်လည်း နိုင်ငံတော်သည် အဘက်

mgyoe.com

mgyoe.com


ဘက်မှ စည်ပင်တိုးတက်လာခဲ့ခြင်းဖြစ်၏။

နိုင်ငံတော်၏ နိုင်ငံရေးစာမျက်နှာကို ကြည့်လျှင် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အလေးထားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ 'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်' ဟူသော ခံယူချက်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ရာ ခေတ်အဆက်ဆက် မြန်မာအစိုးရတို့ မရရှိနိုင်ခဲ့သော တိုင်းရင်းသား တောတွင်းလက်နက်ကိုင်အဖွဲ့တို့၏ ယုံကြည်မှုကို ရရှိခဲ့ကြသည်။ လက်နက်နှင့် ငြိမ်းချမ်းရေးကိုလဲလှယ်ပြီး မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း နယ်စပ်ဒေသများ ပြည်မနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပြီဖြစ်သည်။

အမြော်အမြင်ကြီးသော နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံအား အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့ ဝင်ရောက်ခွင့်ရရန် ကြိုးပမ်းအောင်မြင်ခဲ့ကြသည်။ 'အရှေ့တောင်အာရှ ၁၁ နိုင်ငံ အမှန်မလွဲ တစ်သံတည်း' ဟူသည့် ကြွေးကြော်မှုဖြင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် ဖွဲ့စည်းထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း နိုင်ငံတော်အတွက် အားကိုးရသော အရန်အင်အားတစ်ရပ်ဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်မှာ အားရကျေနပ်ဖွယ်ဖြစ်သည်။ ထို့အတူ အခြားအသင်းအဖွဲ့များဖြစ်သော မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့စသည်တို့မှာလည်း နိုင်ငံတော်ကို အထောက်အကူပြုလျက်ရှိသော လူမှုရေးအဖွဲ့အစည်းများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမဏ္ဍိုင် တောင့်တင်းခိုင်မာရန် လိုအပ်သည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဦးတည်ချက်ချမှတ်၍ နိုင်ငံစီးပွား

mgyoe.com

mgyoe.com


ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာဖူလုံပြည့်ဝစေရေးအတွက် အလွန်အရေးပါလှပါသည်။ စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေဒေသ သဘာဝအခြေအနေကိုလိုက်၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။ ယခုအခါ ဆည်မြောင်းတာတမံ ၁၈၃ ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း တစ်သိန်းနှစ်သောင်းကျော် ကျခံသုံးစွဲ တည်ဆောက်ပေးခဲ့သဖြင့် လယ်မြေဧက ၂ ဒသမ ၄ သန်းကျော်ကို အကျိုးပြုလျက်ရှိပါသည်။ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ဖြစ်ထွန်းလာပြီး လယ်မြေဧက လေးသိန်းခန့်ကို အကျိုးပြုနိုင်လျက်ရှိပြီ ဖြစ်ပါသည်။ ထို့ပြင် ပြည်နယ်နှင့်တိုင်း (၁၄) ခုဖြင့် ဖွဲ့စည်းတည်ဆောက်နေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နယ်မြေဒေသ အစိတ်အပိုင်းအသီးသီး၌ တိုင်းရင်းသားပြည်သူများအတူတကွ ပေါင်းစည်းယှက်နွယ် မှီတင်းနေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးအားလုံး ရေမြေချင်းဆက်ပြီး တပေါင်းတစည်းတည်းဖြစ်လာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးချဲ့ဖြစ်ထွန်းလာပြီဖြစ်သည်။ ယနေ့ကာလတွင် လမ်းကြီးပေါင်း (၁၆၀) နှင့် လမ်းမိုင်ပေါင်း (၅၀၀၅) မိုင်အထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့သဖြင့် လမ်းမကြီးပေါင်း (၆၂၁) လမ်းနှင့် လမ်းအရှည် (၁၈၆၄၀) မိုင်ရှိလာခဲ့ပြီဖြစ်သည်။ ထိုသို့ လမ်းသစ်များဖောက်လုပ်ခြင်းသာမက လက်ရှိလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိနေပါသည်။ ကရင်ပြည်နယ်တွင် လုပ်ငန်း (၂၁) ခု၊ မွန်ပြည်နယ်တွင် (၂၂) ခု၊ ရခိုင်ပြည်နယ်တွင် (၂၀)၊ ရှမ်းပြည်နယ်တွင် (၂၅) ခု၊ ပဲခူးတိုင်းတွင် (၃၈) ခု၊ မကွေးတိုင်းတွင် (၁၂) ခု စသည်ဖြင့် အသီးသီး မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်

mgyoe.com

mgyoe.com


အောင် တည်ဆောက်လျက်ရှိသကဲ့သို့ နိုင်ငံတော်စီးပွားတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရမည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည်။ ယနေ့ ဈေးကွက်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတံခါးကို ဖွင့်လှစ်ထားပြီးဖြစ်ရာ ပြည်သူလူထု၏ လူနေမှုဘဝသည်လည်း ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ မျက်လှည့်ပြလိုက်သည့်အလား နေ့ချင်းညချင်း တိုးတက်စည်ပင်လာတော့သည်။

နိုင်ငံတော်က ချမှတ်ပေးထားသော ဆောင်ပုဒ်များမှာ–

စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ
စက်မှုစွမ်းအား ခေတ်ကျော်လွှား
စီးပွားကူးသန်း ရှေ့သို့လှမ်း
သားငါးဖွံ့ဖြိုး ပြည်အကျိုး
ခြိုးခြံချွေတာ ပြည်ချမ်းသာ

ပြည်တွင်းဖြစ်ကို အားပေးပါ. . . တို့ဖြစ်ရာ ပြည်သူလူထုက ယုံကြည်လိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးကဏ္ဍနည်းတူ လူမှုရေးကဏ္ဍတွင်လည်း နိုင်ငံတော်၏ စွမ်းဆောင်နိုင်မှုက အံ့မခန်းဖြစ်ပါသည်။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နှလုံးရည်စွမ်းအား မြင့်မားထက်မြက်စေရေးအတွက် စာပေအနုပညာပြိုင်ပွဲများ၊ မြန်မာ့ရိုးရာ ဆိုကရေးတီးပြိုင်ပွဲများ၊ လေ့လှော်ပြိုင်ပွဲများ၊ မြင်းခင်းသဘင်ပွဲတို့ဖြင့်လည်း ရှေးခေတ်ယဉ်ကျေးမှုကို ထုတ်ဖော်ပြသပေးခဲ့သည်။

နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် သဘာဝသယံဇာတများ ကြွယ်ဝနေရုံဖြင့် မပြည့်စုံနိုင်ပါ။ ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းနည်းတူ ခေတ်မီအတတ်ပညာများကိုပါ လေ့လာရာမှီး တတ်ကျွမ်းရန် လိုပါသည်။ ထို့ကြောင့် နိုင်ငံတော်

mgyoe.com

mgyoe.com

အတွင်း လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရန် အမျိုးသား ပညာရည်မြှင့်တင်ရေး စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပညာသင်ယူမှု အခွင့်အလမ်း တိုးတက်မြင့်မားလာရေးအတွက် တက္ကသိုလ် ကောလိပ်များ၊ အခြေခံကျောင်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်အခါတွင် တက္ကသိုလ် ကောလိပ်ပေါင်း (၁၅၆) ကျောင်းနှင့် အခြေခံပညာကျောင်းပေါင်း (၄၀၅၂၅) အထိ တိုးတက်ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းသား ခုနစ်သိန်းလေးသောင်းကျော်နှင့် အခြေခံပညာကျောင်းသား ခုနစ်သန်း ခုနစ်သိန်းကျော် စုစုပေါင်းကျောင်းသား ရှစ်သန်းငါးသောင်းကျော်တို့ ပညာသင်ယူနေကြပြီဖြစ်သည်။ ယခုအခါ တက္ကသိုလ် ဆရာ၊ ဆရာမပေါင်း (၁၈၀၀၀) ကျော်၊ အခြေခံပညာဆရာ၊ ဆရာမပေါင်း (၂၄၀၀၀၀) ကျော် စုစုပေါင်း နှစ်သိန်းခြောက်သောင်းခန့်အထိ တိုးပွားလျက်ရှိနေပါသည်။ ငါးနှစ်ပြည့်ပြီး ကလေးများအနေဖြင့်လည်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၅ ဒသမ ၅၈ ရာခိုင်နှုန်းရှိလာသည်အထိ နှစ်စဉ်တိုးတက်နေပါသည်။

ပညာရေးနှင့်ထပ်တူ ကျန်းမာရေးကဏ္ဍတွင်လည်း မလစ်ဟင်းစေရ။ အမျိုးသားကာကွယ်ဆေး တိုက်နေ့များ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၊ ကမ္ဘာ့ကျန်းမာရေးနေ့၊ ကမ္ဘာ့ကြက်ခြေနီနေ့၊ ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တို့တွင် အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယခုဆိုလျှင် ဆေးရုံပေါင်း (၈၂၄) ရုံအထိ ရှိနေပြီဖြစ်သည်။ ဆရာဝန်အင်အားမှာလည်း (၁၉၀၀၀) ခန့်အထိ ရှိလာပြီဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်လျက်ရှိရာ ယနေ့ခေတ်တွင် ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် (၁၄) ခု၊ ဆေးသိပ္ပံ (၁) ခု၊ သင်တန်းကျောင်း (၄၃) ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

ယနေ့ကမ္ဘာကြီးတွင် ပြည်ပ ပယောဂစွက်ဖက်မှုများကား ဒုနှင့်ဒေး

mgyoe.com

mgyoe.com


ပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားအသံလွှင့်ဌာနများ၏ ခြေထိုးသွေးခွဲမှုများကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နေရသည်။ လွတ်လပ်ရေးကို ဖျက်ဆီးမည့် အနှောင့်အယှက်တို့ကို 'ပြည်သူ့သဘောထားများ' ပြသကာ ဆန့်ကျင်တိုက်ဖျက်ချေမှုန်းကြရမည်ဖြစ်သည်။ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပ အဖျက်သမားအားလုံးတို့ကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြရမည်ဖြစ်သည်။

လွတ်လပ်ရေး၏ အရေးပါပုံနှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက 'လွတ်လပ်ရေးဆိုတာ အမှုမဲ့အမှတ်မဲ့နေရင် ဖျတ်ခနဲဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမဲ့ ပြန်ရဖို့ ကြိုးစားမယ်ဆိုရင်တော့ အသက်၊ သွေး၊ ချွေး မြောက်များစွာကို ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုး ဖြစ်တယ်'ဟု မိန့်ကြားခဲ့သည်။ ထို့ကြောင့် လွတ်လပ်သော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးက ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရမည်ဖြစ်သည်။

ထိုသို့ လွတ်လပ်ရေးကို အစဉ်တည်တံ့ခိုင်မြဲရန် ကြိုးပမ်းနိုင်ရေးအတွက် လွတ်လပ်ရေးနေ့များသို့ရောက်တိုင်း လွတ်လပ်ရေးနေ့ ဦးတည်ချက်များချမှတ်ကာ လွတ်လပ်ရေးအခမ်းအနားများကို နိုင်ငံအနှံ့ ကျင်းပပေးလျက်ရှိသည်။ မြန်မာတို့၏ ဘိုးဘွားအစဉ်အဆက် အသက်သွေးချွေးပေါင်းများစွာဖြင့် တည်ဆောက်ထားခဲ့ရသော လွတ်လပ်ရေးဗိမာန်ကြီးကို ရွှေရောင် တဝင်းဝင်းဖြင့် မိုးယံသို့တိုင် မြင်သီခေါင်ဖျား၊ ကြွားကြွားဝင့်ဝင့်၊ တင့်တင့်တယ်တယ်၊ လှပထည်ဝါ ခိုင်မာတောင့်တင်းစေရန် မျိုးဆက်သစ်လူငယ်လူရွယ်များက လက်ဆင့်ကမ်း တာဝန်ယူ တည်ဆောက်သွားကြရမည်ဖြစ်သည်။

အမိမြန်မာနိုင်ငံတော် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့စေရန် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ကြိုးပမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေသော မျိုးချစ်လူငယ်တစ်

mgyoe.com

mgyoe.com


ဦးအဖြစ် ကျွန်ုပ်သည်လည်း လွတ်လပ်ရေးဦးတည်ချက်များကို စွဲမြဲစွာ လိုက်နာလျက် ရွှေပြည်သစ်ဆီသို့ ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ရှေ့သို့ ချီမည်ဖြစ်ကြောင်း ခိုင်မာသောသန္နိဋ္ဌာန် ချမှတ်လိုက်မိပါတော့သည်။ ။

mgyoe.com

mgyoe.com

# ပြည်ထောင်စုနေ့

[သွေးစည်းညီညာ ပြည်မြန်မာ]
ဖေဖော်ဝါရီလ (၁၂) ရက်

ပါဝင်ရမည့်အချက်များ
နိဒါန်း

- ပြည်ထောင်စု တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို သရုပ်ဖော်

စာကိုယ်

- ပြည်ထောင်စုအလှကို ဖော်ကျူး
- ရာဇဝင်မှ စည်းလုံးညီညွတ်မှုများ
- စည်းလုံးမှုပျက်၍ ထီးနန်းပျက်ခဲ့ပုံ
- တိုင်းရင်းသားတို့၏ တော်လှန်မှုများ
- ပြည်ထောင်စုစိတ်ဓာတ်၏ မူလအစ
- ယနေ့ ဒို့တာဝန်အရေးသုံးပါး
- ကလူးဆက်နွှယ် ချစ်ကြိုးသွယ်
- စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- နိုင်ငံတော်၏ ဆောင်ရွက်ချက် (Up- to- Date)
- ယဉ်ကျေးမှုအမွေနှင့် ညီညွတ်ခြင်းအား

နိဂုံး

- ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုရင်း ရှေ့သို့ချီ (ဦးတည်ချက်များ ထည့်ရေးပါ)

mgyoe.com

mgyoe.com

◆ ဖေဖော်ဝါရီလ (၁၂) ရက်နေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ရေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားမျိုးနွယ်တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ကြီးဖြစ်သည်။ တိုင်းရင်းသားများသည် ဒေသအလိုက် လူမျိုးစု၊ ဘာသာစကားကွဲပြားမှုရှိသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေှတည်းစီး၊ တစ်ခရီးတည်းသွားနေကြသည့် သွေးသားရင်းများဖြစ်ကာ မြန်မာနိုင်ငံအနှံ့အပြားတွင် အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ကိုယ့်မင်း ကိုယ့်ချင်း ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ပိုင်ဘာသာစာပေများဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့ကြသည်။ ဘာသာတရား၏ အဆုံးအမကို **လက်ခံ**ကျင့်သုံးကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့် စောင့်ထိန်းနေထိုင်လာခဲ့ကြ**သူများ**ဖြစ်သည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်သောအခါ သမိုင်းအစဉ်အလာကောင်းများ ပေါ်ထွန်းခဲ့ပြီး ယဉ်ကျေးမှုသည်လည်း အဆင့်ဆင့်တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုတွင် ထူးခြားမှုများရှိခဲ့သည်။ မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ်အစဖြစ်သည့် အဆင့်မြင့် ပရိုင်းမိတ်များ၏ ရုပ်ကြွင်းအထောက်အထားများနှင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများကိုလည်း တွေ့ရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးတို့၏ မြို့ပြနိုင်ငံများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝေသာလီ၊

mgyoe.com

mgyoe.com


သုဝဏ္ဏဘူမိစသည်တို့ ပေါ်ထွန်းခဲ့သည်။ မြို့ပြနိုင်ငံများမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး မြန်မာနိုင်ငံတော်ကြီးကို သုံးကြိမ်သုံးခါတည်ထောင်ခဲ့ကြသည်။

ခရစ်နှစ် ၁၁ ရာစုတွင် ပုဂံနေပြည်တော်ကြီးကို ဗဟိုပြုပြီး အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ၁၁ ရာစုမှ ၁၃ ရာစုအထိ တည်တံ့ခဲ့ပြီး အုပ်ချုပ်သူမင်း၏ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းကြောင့် စီးပွားရေး၊ ကာကွယ်ရေး အင်အားတောင့်တင်းပြီး ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားမှုကို ခံခဲ့ရသည်။ ပုဂံခေတ်တွင် ဘာသာရေးကို အခြေခံ၍ ယဉ်ကျေးမှု ဓလေ့ထုံးစံများလည်း တိုးတက်လာခဲ့သည်။ သို့သော် ပုဂံခေတ်နှောင်းပိုင်းတွင် ပြည်တွင်းစည်းလုံးညီညွတ်ရေး ပျက်ပြားမှုကို အခွင့်ကောင်းယူကာ ပြည်ပမွန်ဂိုတို့ ဝင်ရောက်ကျူးကျော်ခဲ့သဖြင့် ပထမမြန်မာနိုင်ငံတော်ကြီး ပြိုကွဲခဲ့ရသည်။

၁၆ ရာစု တောင်ငူခေတ်တွင် တပင်ရွှေထီးနှင့် ဘုရင့်နောင် ကျော်ထင်နော်ရထာတို့၏ စည်းရုံးရေးကောင်းမွန်မှုကြောင့် တိုင်းရင်းသားအားလုံးစည်းလုံးကာ မြန်မာနိုင်ငံတော်ကြီးကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်နိုင်ခဲ့သည်။ သို့သော် ဘုရင့်နောင်၏ သားတော် နန္ဒဘုရင်၏လက်ထက်တွင် စည်းလုံးညီညွတ်မှုမရှိသဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးခဲ့ရပြန်သည်။

ခရစ်နှစ် ၁၇၅၂–၁၇၆၀ ကာလအတွင်း ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးသည် ရွှေဘိုမြို့ကိုအခြေပြုပြီး နိုင်ငံတော်ကို ပြန်လည်တည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် စည်းရုံးရေးအင်အား၊ စစ်ရေးအင်အား အကြီးမားဆုံးဖြစ်သည့်အတွက် ပတ်ဝန်းကျင်နိုင်ငံများက လေးစားခဲ့ကြရသည်။ သို့သော် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကျဆင်းလာသည့်အချိန်မျိုးတွင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်စစ်ပွဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များတွင် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့သည့်အတွက် လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီး သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရသည်။ ထို့ကြောင့် စည်းလုံးညီညွတ်

mgyoe.com

mgyoe.com


ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် အရေးကြီးကြောင်း ထင်ရှားလှပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကိုမတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ဇာတိသွေး ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်းမရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏အမျိုးအနွယ်ကို စောင့်ထိန်းသည့် စိတ်ဓာတ်၊ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို လေးစားမြတ်နိုးသည့် စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသောစိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ်ဟူသည် မျိုးချစ်စိတ်ဓာတ်ပေါ်တွင် အခြေခံပါသည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာတို့၏ အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသော်လည်း သူ့ကျွန်မခံလိုသော စိတ်ဓာတ်ရှိသည့် တိုင်းရင်းသားတို့သည် ရရာလက်နက်ကိုစွဲကိုင်၍ နယ်ချဲ့တို့ကို တွန်းလှန် တိုက်ထုတ်ခဲ့ကြသည်။ ကချင်ပြည်နယ်တွင် ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဖုန်ကန်ဒူးဝါး၊ ဗိုလ်ဖိုးစော၊ ကယားပြည်နယ်တွင် စောလဖော်၊ 'ဝ'ဒေသတွင် စောမဟာနှင့် နော်ခမ်းဦး၊ ချင်းပြည်နယ်တွင် ကြွမ့်ဘိစ်၊ ရွှေချိုးဖြူမင်းသား၊ ဝန်းသိုစော်ဘွား၊ ရှမ်းပြည်နယ်တွင် လင်းပင်မင်းသား၊ မြင်စိုင်းမင်းသား ဦးဆောင်သော တော်လှန်ရေးသမားများ၊ တောင်တွင်းကြီးနယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ဗိုလ်မင်းရောင်၊ အင်းဝနယ်တွင် စောရန်ပိုင်၊ စောရန်နိုင်၊ ပုဂံနယ်တွင် ဗိုလ်ချို၊ မင်းဘူးနယ်တွင် ဗိုလ်ဥတ္တမ၊ ဧရာဝတီတိုင်း ဓနုဖြူနယ်တွင် ဗိုလ်မြတ်ထွန်း စသည့် တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူတစ်ရပ်လုံးက . . .

'ဖိက မခံ

ထိက မာန်နှင့်

ဖိလျှင်ကြွ၊ ထိလျှင်ချ' မှုအတိုင်း တော်လှန်ခဲ့ကြသည်။

ပိုင်နက်ကိုလည်း မတရားကျူးကျော်သိမ်းပိုက်၊ အဆီကိုစား၊ အသားကိုမျို၊ အရိုးကိုပင် ဆံထိုးလုပ်ကြသည့် မျိုးယုတ်နယ်ချဲ့များကို မြန်မာတို့၏ မျိုးချစ်စိတ်ဖြင့် တိုက်ထုတ်တော်လှန်ကြရာတွင် ဗိုလ်မြတ်ထွန်းသည် ဂုဏ်ယူ

mgyoe.com

mgyoe.com


စရာ မျိုးချစ်သူရဲကောင်းတစ်ဦး ဖြစ်၏။ မွန်၊ မြန်မာ၊ ကရင် တိုင်းရင်းသား စုစုပေါင်းအင်အား (၇၀၀၀) ကျော်ကို စုစည်းကာ နယ်ချဲ့ကို အကျပ်ရိုက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ သားဖြစ်သူ မောင်ဗျက်ကြီးက ကြောက်သွေးပြသံသယဝင်ကာ "အဖေရာ ဒီလောက်အင်အားကောင်းတဲ့ နယ်ချဲ့တွေကို တိုက်ထုတ်နေမယ့်အတူတူ အရှုံးပေးလိုက်တာ ပိုကောင်းပါတယ်" ပြောခဲ့ရာ "တယ်. . .သွေးမစစ်တဲ့ကောင်၊ သားမတော်ချင်ဘူး" ဆို၍ ဇာတိစိတ်ပြင်းပြင်းဖြင့် အဆုံးစီရင်ပစ်ခဲ့သည်။

ပုဂံခေတ်တွင် ထင်ရှားသော နယ်ချဲ့တော်လှန်ရေးသမားကြီး ပုဂံဗိုလ်ချိုမှာလည်း မြန်မာဘုရင် ပါတော်မူပြီးသည်နှင့် လူသူလက်နက်စုရုံးပြီး ပုပ္ပားတောင်ခြေနယ်တစ်ကြောတွင် ၁၈၈၆ ခုနှစ်မှ ၁၈၉၆ ခုနှစ်အထိ ဆယ်နှစ်ကျော်ကျော်တော်လှန်ခဲ့သူဖြစ်သည်။ ပုပ္ပားတောင်ခြေတစ်ဝိုက်သည် စိုက်ပျိုးရေးဖြစ်ထွန်းပြီး တောတောင်ထူထပ်သောကြောင့် နယ်ချဲ့ကို နှစ်အကြာဆုံး တော်လှန်နိုင်ခဲ့သော နယ်မြေဖြစ်၏။ အင်္ဂလိပ်များသည် ဗိုလ်ချိုအား နှိမ်နင်းမရသဖြင့် ဆုငွေထုတ် ဖမ်းဆီးခဲ့သည်။ နယ်ချဲ့လက်အောက်တွင် နေရခြင်းထက် သေရခြင်းကမြတ်သည်ဟု ခံယူထားသော ဗိုလ်ချိုမှာ ကြိုးစင်ပေါ်၌ ရဲဝံ့စွာ အသက်စွန့်ခဲ့၏။

တောင်ပေါ်မှ အင်းလေးနှင့် မြေပြန့်မှ အင်းလျားတို့ကား ရေ ရေချင်း၊ ညီအစ်ကို ညီအစ်မချင်း ဖြစ်သည်။ မြေပြန့်နှင့်တောင်ပေါ် လက်သည်းဆိတ် လက်ထိပ်နာခဲ့ကြ၏။ ရှမ်းတောင်တန်းမှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် သီပေါဘုရင်နန်းချခံရသည်နှင့် 'ငါတို့ဟာ ကုလားဖြူများရဲ့ လှည့်စားခြင်းကို ခံရပြီ။ ဒါကြောင့် လူသူလက်နက်စုစည်းပြီး အခြေအနေပေးတာနဲ့ တိုက်ခိုက်ရမယ်' ဟု မိန့်ကြားခဲ့၏။ မှန်ကင်းတောင်ကြောတွင် အင်္ဂလိပ်တို့ကို အထိနာစေနိုင်ခဲ့ပြီး ဝန်းသိုနယ်မြေတိုက်ပွဲတွင် အင်္ဂလိပ်ဗိုလ်ချုပ် ဟပ်ချင်ဆင် အပါအဝင် တပ်သားအများအပြား ကျဆုံးဒဏ်ရာရစေနိုင်ခဲ့ သည်။

ချင်းတိုင်းရင်းသား သူရဲကောင်း ကွမ်ဘိစ်ကလည်း ဇာတိမာန် ပြင်းထန်လွန်းခဲ့၏။ ကွမ်ဘိစ်သည် လူမျိုးအများအပြားကို သူ၏ ဦးဆောင်မှုအောက်သို့ သွတ်သွင်းနိုင်ခဲ့၏။ အင်္ဂလိပ်တို့သည် ချင်းတောင်သို့ သွားရောက်

mgyoe.com

mgyoe.com

ကာ ကြွမ်ဘိစ်နှင့် ဆွေးနွေးကြသည်။ အင်အားပြခြိမ်းခြောက်ကြသည်။ သို့သော် ကြွမ်ဘိစ်ကိုမူကား လုံးဝမသိမ်းသွင်းနိုင်ခဲ့။ ရွှေချိုးဖြူမင်းသားနှင့်ပေါင်းကာ နယ်ချဲ့များကို တော်လှန်ခဲ့ကြ၏။ အင်္ဂလိပ်အရာရှိ (၁၇၅) ဦး၊ စစ်သား (၃၄၈) ဦးတို့သည် ချင်းတော်လှန်ရေး နယ်မြေ၌ မရှုမလှ ရှုံးနိမ့်ခဲ့ကြရသည်။

ဗိုလ်မင်းရောင်၏ သူ့ကျွန်မခံစိတ်ကလည်း လေးစားလောက်ဖွယ်ဖြစ်သည်။ ပဲခူးရိုးမအတွင်း သစ်တပ်ဌာနချုပ်ကိုပင် တည်ဆောက်ကာ နယ်ချဲ့ကို တိုက်ထုတ်တော်လှန်ခဲ့သည်။ တောင်တွင်းကြီးတိုက်ပွဲ၊ ပေတန်ရွာတိုက်ပွဲတို့ကား ထင်ရှားသော မှတ်တိုင်များဖြစ်၏။

နယ်ချဲ့ကို တော်လှန်ပုန်ကန်ရာတွင် လက်နက်မကိုင်စွဲဘဲ ဘာသာရေးတိုက်ပွဲဝင်ခဲ့သော ဆရာတော် ဦးဥတ္တမနှင့် ဆရာတော် ဦးဝိစာရတို့မှာလည်း ဂုဏ်ယူအားကိုးလောက်သည့် သူရဲကောင်း အာဇာနည်များဖြစ်သည်။ ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်သော ဆရာတော် ဦးဥတ္တမသည် နယ်ချဲ့တို့၏ မြှောက်ပင့်မှု၊ ခြောက်လှန့်မှုတို့ကို ဂရုမထား 'ကရက်ဒေါက်ထွက်သွား'ဟု ပြတ်သားစွာ မိန့်ခဲ့သူဖြစ်သည်။ နယ်ချဲ့တို့ကိုမကြောက်မရွံ့ ဆန့်ကျင်ရေးတရားများ ဟောကြားခဲ့သော ဆရာတော် ဦးဝိစာရသည်လည်း သာသနာ့ဇာနည်ဘာမထိ ဖြစ်ခဲ့၏။ သင်္ကန်းရုံ ဥပုသ်စောင့်ခွင့်တောင်းကာ ထောင်တွင်း၌ အစာငတ်ခံ ဆန္ဒပြခဲ့ရာမှ (၁၆၆) ရက် တိုက်ပွဲဝင်အပြီး 'လိမ္မာရစ်ကြပါ'ဟု မိန့်ခွန်းခြွေကာ ပျံလွန်တော်မူခဲ့၏။

ဓားသွားထက် ကလောင်သွားထက်သည်ဟူသော စကားကလည်း အမှန်တရားဖြစ်သည်။ ဆီးဘန်နီဆရာတော်ဘုရားကြီး၏ 'ထီးသုဥ်းနန်းသုဥ်း' တော်လှန်ရေးကဗျာက အားဖြည့်ပေးခဲ့သလို ဆရာဇော်ဂျီ၏

"ထလော့မြန်မာ၊ မြန်မာထလော့

အားမလျှော့နှင့်

သူကအစ၊ ငါကအားလုံး

လက်ရုံးများမြောင်၊ ဉာဏ်များမြောင်နှင့်

စွမ်းဆောင်ကြလော့၊ ဆောင်ကြလော့" ကဗျာကလည်း ဇာတိစိတ်အားမာန်ကို နိုးထစေခဲ့သည်။

mgyoe.com

mgyoe.com


မြန်မာလူငယ်တို့ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးတို့ဖြင့် စွမ်းအားပြကြလေတော့၏။ တစ်နေရာစီမှ တကွဲတပြား တော်လှန်ခဲ့လျှင် မည်သို့မျှလွတ်လပ်ရေးကို အောင်ပွဲခံနိုင်မည်မဟုတ်။ စစ်ရေးစစ်ရာ ကျွမ်းကျင်မှု၊ လက်နက်အင်အား၊ နည်းပရိယာယ်များကို တပ်ဆင်လျက် စုစည်းညီညာ တော်လှန်ပါမှ လွတ်လပ်ရေးကို ရယူနိုင်မည်ဟု ခံယူအသိပွားကာ လူငယ်ရဲဘော်သုံးကျိပ်တို့ စွန့်စားခဲ့ကြတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် လူငယ်သုံးဆယ်တို့သည် ဂျပန်ပြည်၊ ဟိုင်နန်ကျွန်းသို့ တိတ်တဆိတ်ထွက်ခွာ၍ စစ်ပညာများ သင်ကြားကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြသည်။ ဘီအိုင်အေ ပေါ်ပေါက်လာသောအခါ 'မျက်နှာဖြူတစ်သိုက် မျက်ဖြူဆိုက်' ၍ မြန်မာ့မြေပေါ်မှ ထွက်ပြေးဆုတ်ခွာရတော့၏။

သို့သော် အကူအညီပေးသည်ထက် အခွင့်အရေးယူသော ဂျပန်တို့က ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ရွှေရည်စိမ်လွတ်လပ်ရေးကိုပေး၍ မြန်မာ့မြေပေါ်တွင် ထင်ရာစိုးကြလေသည်။ တိုင်းရင်းသားတို့ မခံမရပ်နိုင်ဖြစ်ကာ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့အမျိုးသားတပ်မတော်နှင့် လက်တွဲ၍ ဂျပန်ဖက်ဆစ်တို့ကို တွန်းလှန်တိုက်ခိုက်ကြရပြန်သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့ရာ မျိုးချစ်ဗမာ့တပ်မတော်ကား တိုက်ပွဲအလီလီ ဆင်နွှဲရတော့၏။

ဂျပန်တို့ပြေးထွက်ပြီး အင်္ဂလိပ်တို့က ပြန်ဝင်လာကြသည်။ လွတ်လပ်ရေးကို အသည်းအသန် ရယူရန်ဆန္ဒပြင်းပြနေကြပြီဖြစ်သော မြန်မာတိုင်းရင်းသားအပေါင်းတို့မှာ စည်းလုံးညီညွတ်မှုတည်းဟူသော စိတ်ဓာတ်အင်အားကြီးမားလျက်ရှိနေပြီဖြစ်သည်။ နေသူရိန် လူထုအစည်းဝေးပွဲကြီးမှ ထောက်ခံမှုများ၊ မြန်မာပြည်အနှံ့ တိုင်းရင်းသားခေါင်းဆောင်တို့၏ ပူးပေါင်းမှုများဖြင့် 'အောင်ဆန်း–အက်တလီ' စာချုပ် ချုပ်ဆိုနိုင်ခဲ့၏။ 'ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်' ဟူသော 'ပြည်ထောင်စုစိတ်ဓာတ်' မူလအစကား ရှမ်းပြည် နယ်ပင်လုံမြို့ကလေးပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် 'ပင်လုံစာချုပ်' ဖြင့် တိုင်းရင်းသား စည်းလုံး

mgyoe.com

mgyoe.com


ညီညွတ်မှုအားကို ပြသခဲ့၏။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်သည် ပြည်ထောင်စုသားအားလုံးတို့၏ သွေးစည်းမှုကို ဖော်ကျူးပြသခဲ့သော နေ့ထူးနေ့မြတ်ဖြစ်၏။ 'ပြည်ထောင်စုနေ့' ပင်တည်း။ 'ပြည်ထောင်စု တိုင်းရင်းသားအားလုံး ထာဝစဉ် စည်းလုံးညီညွတ်ရေး' ဟူသော အမွေအနှစ်ကို လက်ဆင့်ကမ်း သယ်ဆောင်နိုင်ခဲ့သော အထိမ်းအမှတ်နေ့ဖြစ်ရာ မြန်မာတည်သရွေ့၊ ကမ္ဘာတည်သရွေ့ ခိုင်မြဲနေမည့် နေ့တစ်နေ့ဖြစ်ပေသည်။

မြန်မာတို့သည် လွတ်လပ်ရေးပန်းတိုင်ဆီသို့ ဆက်လက်ချီတက်ကာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗြိတိသျှအလံကို ဖြုတ်ချပြီး ပြည်ထောင်စုအလံအား ငွားငွားစွင့်စွင့် လွှင့်တင်နိုင်ခဲ့ကြသည်။ သွေးစည်းညီညာ ပြည်မြန်မာ ဖြစ်ခဲ့ပြီ။

ယနေ့ ယခုအချိန်အခါတွင် မြန်မာတိုင်းရင်းသားအားလုံး လိုက်နာဆုပ်ကိုင်ထားသော ဒို့တာဝန်အရေးသုံးပါးမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်၏။ ယင်းကား ပြည်ထောင်စုစိတ်ဓာတ် မြစ်မကြီးဆီမှ ဖြာထွက်လာသော မြစ်လက်တက်များဖြစ်သည်။ ထိုတာဝန်များကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းဖော်ဆောင်ကာ ညီညီညာညာဆောင်ရွက်ခြင်းဖြင့် ကြံ့ခိုင်အေးချမ်းသာယာ ဖွံ့ဖြိုးသော နိုင်ငံတော်အဖြစ် ဆက်လက်ရပ်တည်ကြရမည်ဖြစ်သည်။

လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး လက်တွဲညီညီ ရှေ့သို့ချီလျက် ရှိကြ၏။ မြေပြန့်နှင့် တောင်ပေါ်၊ မြစ်ဝကျွန်းပေါ်နှင့် မြစ်ဖျားဒေသ၊ တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် 'ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်' နိုင်စေရန် တောင်တွေ့လျှင် လမ်းဖောက်၊ မြောင်းတွေ့လျှင် တံတားဆောက်၊ တစ်ယောက်တစ်လက် ဝိုင်းကူဖက်ခဲ့ကြသည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်နှင့်အညီ 'စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား' စေရန် လက်မှုလယ်ယာမှ စက်မှုလယ်

mgyoe.com

mgyoe.com


ယာသို့ အသွင်ကူးပြောင်းလာခဲ့သည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည် ဝင်းဝါသော လယ်ယာရှုခင်းများဖြင့် လှပတင့်တယ်လာခဲ့ခြင်းမှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်စွမ်းကြောင့်ဖြစ်၏။ ဤစွမ်းအားသည် တစ်ယောက်အားနှင့် ရခဲ့ခြင်းမဟုတ်။ စုပေါင်းညီညာ လုပ်အားဖြာခဲ့ခြင်းကြောင့်ဖြစ်သည်။

ယနေ့ နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အားစိုက်ဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း အရေးတယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးကို စစ်ဆင်ရေး အဆင့်ဆင့်ဖြင့် တိုက်ဖျက်ပေးခဲ့ပြီး တိုင်းရင်းသားတို့၏ဘဝလုံခြုံတိုးတက်မြင့်မားရေးကို ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ 'ညီညာမှ ပြည်သာမည်' ဖြစ်ပေရာ နိုင်ငံတော်အား ထိပါးလာမည့် ပြည့်ရန်စွယ်အပေါင်းကို တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် လက်တွဲတိုက်ဖျက်ကြရမည်ဖြစ်သည်။

စည်းလုံးခြင်းသည် ခွန်အား၊ ညီညွတ်ခြင်းသည် အင်အားပင်ဖြစ်သည်။ သူတစ်လူ ငါတစ်မင်းကြောင့် အခင်းဖြစ်ပွားခဲ့ရသော ရာဇဝင်သမိုင်းတို့ကို သင်ခန်းစာယူပြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ 'ပြည်ထောင်စုစိတ်ဓာတ်' ဖြင့် ချီတက်ကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုဟူသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် တည်ဆောက်ရသည့် ဗိမာန်ကြီးမဟုတ်ပါ။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု အမွေအနှစ် အနုပညာလက်ရာများ၊ စေတီပုထိုး ဂူကျောင်းများ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများသည် တစ်ဦးတစ်ယောက်တည်းကြောင့် ဖြစ်တည်လာရခြင်းမဟုတ်ပါ။ စုပေါင်းအင်အားဖြင့် မတည်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များသည်လည်း စည်းလုံးညီညွတ်မှုဖြင့် ပျော်ရွှင်မှုကို ရရှိစေခဲ့သည်။ လှေသဘင်ပွဲတော်မှ စခဲ့သော ညီညွတ်မှုအားသည် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာတို့ ရွှေဆုအထပ်ထပ်ရရှိစေရန် ဖန်တီးပေးခဲ့၏။

mgyoe.com